**Highlights from DVB Debate's Natural Disasters**

**4/4/2015**

**"How to prepare better for Natural Disasters?"**

"ဘိုကလေးဒေသမှာဆိုရင် ဒီရေတောပတ်ဝန်းကျင်မှာ သစ်ခိုးဂိုဏ်းတွေနဲ့ပေါင်းပြီး ဒီရေတောတွေ ခုတ်နေတာ ရှိတယ် အခုဆို စိုက်ထားတာရဲ့ ၁၀ ရာခိုင်နှုန်းလောက်ပဲ ကျန်တော့တယ်"

ဦးအုန်းကြွယ် - လူမှုဖွံ့ဖြိုးတိုးတက်ရေးအလင်းတန်းအဖွဲ့(ပြည်ထောင်စုအဆင့်) ဥက္ကဋ္ဌ

---

"တရားဥပဒေစိုးမိုးမှုကင်းမဲ့နေတော့ နိုင်ငံမှာ သစ်တောတဖြည်းဖြည်းကုန်နေပြီ သစ်တောတွေကုန်တော့ climate change ဖြစ်ရော ဒါတွေက သဘာဝဘေးအန္တရာယ်တွေကို လက်ယက်ခေါ်သလိုဖြစ်နေတယ်။"

ဦးမြင့်အောင် - လှပသောကမ္ဘာမြေအဖွဲ့

---

"ကျနော်တို့ ကြက်ခြေနီတပ်ဖွဲ့တွေက လူထုအခြေပြု ပညာပေးသင်တန်းတွေလုပ်နေတယ်၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ပြင်ဆင်မှုတွေလဲ လုပ်နေတာရှိတယ်။ နောက်ထပ် ဆိုင်ကလုန်းဖြစ်ရင် အဆင်သင့်ဖြစ်နေပြီလို့ ပြောလို့ရတယ်"

ဦးမြင့်ငွေ - ဧရာဝတီတိုင်းဒေသကြီး ကြက်ခြေနီတပ်ဖွဲ့ ဦးစီးမှူး(ပထမတန်း)

"သဘာဝဘေးအန္တရာယ်တွေအတွက် ကြိုတင်ပြင်ဆင်မှုအပိုင်းမှာ ၈၀% လောက်ကို အဆင်သင့်မဖြစ်သေးပါဘူး။ ပြင်စလူဘက်မှာ မုန်တိုင်းပြင်ဆင်ရေးတွေ လေ့ကျင့်ကြတယ်၊ ဌာနဆိုင်ရာတွေလာရင် အစမ်းလေ့ကျင့်တာတွေ လုပ်ပြကြတယ်။ တကယ် မုန်တိုင်းဖြစ်ပြီဆို ဌာနဆိုင်ရာလဲ မရှိတော့ဘူး ကြက်ခြေနီမှာ ပတ်တီး မရှိတော့ဘူး။"

မနန်း - ဧရာဝတီတိုင်းဒေသကြီးလူငယ်ကွန်ရက်

---

"နာဂစ်အပြီး ပြန်ထူထောင်ရေးလုပ်ငန်းတွေ ပြီးဆုံးခြင်းမရှိသေးဘူး။ နေစရာကို မရှိသေးသူတွေရှိတယ်။ တချို့ Cyclone Shelter တွေ လူသူမနီးတဲ့နေရာတွေမှာ သွားထားတာရှိတယ်. မိုးကြိုးလွှဲတွေနဲ့ တခြားပစ္စည်းပစ္စယတွေ အဲနားတဝိုက်က ရွာကလူတွေအိမ်မှာရောက်နေတယ် ဖြုတ်ပြီးရောင်းစားထားကြတာ"

ဦးသက်ဆွေ - လှပသောကမ္ဘာမြေအဖွဲ့

“Cyclone Shelter တွေပျက်တာပြင်ဖို့ တိုင်းဒေသကြီးအစိုးရကိုတောင်းခံပြီးရလာတာတွေရှိပါတယ်။ ဒါတွေကို ထိန်းသိမ်းမှုကတော့ ဒေသခံတွေကလဲ ထိန်းသိမ်းရမယ့် တာဝန်ရှိတယ်။”

ဦးသန်းစိုး - ညွှန်ကြားရေးမှူး(ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန - ဧရာဝတီတိုင်းဒေသကြီး)

---

“ပြန်လည်ထူထောင်ရေးလုပ်ငန်းအပိုင်းမှာ ဖြစ်နေတာက ဒုက္ခသည်တွေကို ဘာမှအဆင်သင့်မဖြစ်သေးဘဲ နေရပ်ပြန်ပို့တဲ့ ကိစ္စ။ တာဝန်ရှိသူတွေက သူတို့ပုံရိပ်ကျမှာစိုးတာနဲ့ မူလနေရာ ပြန်လာလို့ရပြီဆိုပြီး ပြန်ပို့တဲ့ကိစ္စတွေ”

ဦးမြင့်စိန် - သဘာဝပတ်ဝန်းကျင်အရေးလေ့လာသူ၊ ပုသိမ်တက္ကသိုလ် ပထဝီဌာန ကထိက(ငြိမ်း)

---

“သဘာဝဘေးအန္တရာယ်နဲ့ပတ်သက်လို့က မည့်သည့်နိုင်ငံမှာမှ ပြည့်စုံတယ် မရှိပါဘူး။ ပြင်ဆင်ရုံသာပြင်ဆင်နိုင်ပါတယ်”

ဦးသန်းစိုး - ညွှန်ကြားရေးမှူး(ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန - ဧရာဝတီတိုင်းဒေသကြီး)

---